# ကိုရိုနာဗိုင်းရပ်စ် (COVID-19) နာရေး ကူညီမှု

COVID-19 ကမ္ဘာ့ကပ်ရောဂါကြောင့် မိသားစုများစွာမှာ အလွန်ကြေကွဲဝမ်းနည်းမှုကို ကြုံတွေ့ခံစားခဲ့ကြရသည်။ FEMA ရှိ ကျွန်ုပ်တို့၏ ရည်မှန်းချက်မှာ ကပ်ရောဂါမတိုင်ခင်၊ ကပ်ရောဂါဖြစ်နေစဉ်နှင့် ကပ်ရောဂါဖြစ်ပြီးချိန်တို့တွင် ပြည်သူများအား အကူအညီပေးရန် ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် ဗိုင်းရပ်စ်ကြောင့် ငွေကြေး အကျပ်အတည်းများနှင့် ဝန်ထုပ်ဝန်ပိုးများ ဖြစ်လာမှုကို ကူညီလျှော့ချပေးနိုင်ရန် ရည်ရွယ်ပြီး ဆောင်ရွက်ပေးနေပါသည်။

**FEMA သည် ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၂၀ ရက်နောက်ပိုင်း COVID- 19 နှင့်ဆိုင်သော နာရေးကုန်ကျစရိတ်များအတွက် ငွေကြေးထောက်ပံ့ပေးနေပါသည်။**



**နာရေးကူညီမှုကိုရရှိရန် သင်သည် အောက်ပါ သတ်မှတ်ချက်များနှင့် ကိုက်ညီရမည်-**

- သေဆုံးမှုသည် အမေရိကန် ပြည်ထောင်စု၏ ပိုင်နက်နယ်မြေများနှင့် ကိုလံဘီယာ ပြည်နယ်အပါအဝင် အမေရိကန်ပြည်ထောင်စုတွင်
- ဖြစ်ပွားခြင်း ဖြစ်ရမည်။
- သေဆုံးကြောင်းလက်မှတ်တွင် သေဆုံးရသည့် အကြောင်းရင်းမှာ
- COVID-19 ကြောင့်ဖြစ်ကြောင်း သို့မဟုတ် ၎င်းနှင့် ဆက်စပ်နေကြောင်း ဖော်ပြထားရမည်။
- လျှောက်ထားသူသည် ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၂၀ ရက်နောက်ပိုင်း နာရေး စရိတ်များကို ကျခံခဲ့သည့် အမေရိကန် နိုင်ငံသား၊ နိုင်ငံသားခံယူထားသူ သို့မဟုတ် အရည်အချင်းပြည့်မီသော နိုင်ငံခြားသား ဖြစ်ရမည်။
- ကွယ်လွန်သူသည် အမေရိကန် နိုင်ငံသား၊ နိုင်ငံသား ခံယူထားသူ သို့မဟုတ်

**မည်သည့် ကုန်ကျစရိတ်များအတွက် ငွေပြန်ထုတ်ပေးမည်နည်း။**

နာရေး ဝန်ဆောင်မှုများနှင့် မြေမြှုပ်သဂြိုဟ်ခြင်း သို့မဟုတ် မီးသဂြိုဟ်ခြင်းအတွက် ပြန်ထုတ်ပေးမည့် ကုန်ကျစရိတ် ဥပမာများတွင် အောက်ပါတို့ ပါဝင်နိုင်သော်လည်း ကန့်သတ်ထားခြင်း မရှိပါ-

- ရုပ်အလောင်းကို မည်သူမည်ဝါ သိရှိရန် လူနှစ်ယောက်အတွက် အသွား၊ အပြန်စရိတ်
- ရုပ်ကလာပ်၊ အခေါင်း သို့မဟုတ် အရိုးအိုးကို ရွှေ့ပြောင်းသယ်ဆောင်စရိတ်
- မြေမြှုပ်သဂြိုဟ်သည့်နေရာ သို့မဟုတ် ပြာအိုးထားသည့်နေရာအတွက် စရိတ်
- အုတ်ဂူတွင် စာထွင်းသည့်စရိတ် သို့မဟုတ် အုတ်ဂူခေါင်းရင်း မှတ်တိုင်အတွက် စရိတ်
- ခရစ်ယာန် ဘုန်းတော်ကြီး သို့မဟုတ် ကြီးမှူးကျင်းပပေးသည့် ဝန်ဆောင်မှုများ
- နာရေး အခမ်းအနား စီစဉ်မှု
- နာရေးအိမ်သုံး ပစ္စည်းကိရိယာများ သို့မဟုတ် ဝန်ထမ်းများ အသုံးပြုမှု
- မီးသဂြိုဟ် သို့မဟုတ် မြေမြှုပ်သဂြိုဟ်စရိတ်များ
- သေဆုံးကြောင်း လက်မှတ်များစွာကို ထုတ်ပေးခြင်းနှင့်ဆိုင်သော
- ကုန်ကျစရိတ်များ

**FEMA ထံ မည်သည့် အချက်အလက်များ ပံ့ပိုးပေးရန် လိုပါသနည်း။**

FEMA ထံ ဆက်သွယ်ပြီး မလျှောက်ထားမီ အောက်ပါ အချက်အလက်များကို ပြင်ဆင်ထားပါ-

- သင့်အမည်၊ လူမှု ဖူလုံရေး နံပါတ်၊ မွေးသက္ကရာဇ်၊ စာပို့လိပ်စာနှင့် ဆက်သွယ်ရန် ဖုန်းနံပါတ်များ။
- ကွယ်လွန်သူတိုင်း၏ အမည်၊ လူမှုဖူလုံရေးနံပါတ်နှင့် မွေးသက္ကရာဇ်။
- ကွယ်လွန်ခဲ့သည့်နေရာ သို့မဟုတ် လိပ်စာ။
- အခြားနေရာများမှ ရယူထားပြီးဖြစ်သည့် အကူအညီများအတွက် စာရွက်စာတမ်းများနှင့် လက်ခံပြေစာများ။ ၎င်းတို့တွင် မြေမြှုပ်သဂြိုလ် သို့မဟုတ်
- နာရေး အာမခံကြေး၊ လှူဒါန်းငွေများ၊ ပရဟိတ အဖွဲ့များ၊ အခြား အစိုးရ အစီအစဉ်များ သို့မဟုတ် အကျိုးအမြတ်အတွက် မဟုတ်သော အဖွဲ့အစည်းများ ပါဝင်သည်။
- ကွယ်လွန်သူ(များ)အတွက် နာရေးကုန်ကျစရိတ်များကို သင်နှင့် အခြားသူနှစ်ဦးလုံးက ကျခံလျှင် ထိုပုဂ္ဂိုလ်ကို ပူးတွဲလျှောက်ထားသူအဖြစ်လည်း ဖော်ပြပေးနိုင်သည် — ၎င်း၏ အမည်၊ လူမှု ဖူလုံရေး နံပါတ်နှင့် မွေးသက္ကရာဇ်ကို လျှောက်လွှာပေါ်တွင် ဖော်ပြပေးပါ။

**ဤအကူအညီအတွက် မည်သို့ လျှောက်ထားရမည်နည်း။**

**FEMA ၏ COVID-19 နာရေး အကူအညီ ဖုန်းလိုင်း**
1-844-684-6333
(TTY: 800-462-7585) ကို အရှေ့ပိုင်း စံတော်ချိန် မနက် ၉ နာရီမှ ည ၉ နာရီအတွင်း၊ တနင်္လာမှ သောကြာနေ့အတွင်း ဖုန်းခေါ်ဆိုပြီး လျှောက်ထားသည့် လုပ်ငန်းစဉ်ကို စတင်ဆောင်ရွက်ပါ။

**လျှောက်ထားပြီးနောက် ဝန်ဆောင်မှုကို အမြန်ဆုံး ရရှိရန် စာရွက်စာတမ်းများကို အွန်လိုင်း** Disasterassistance.gov **မှတစ်ဆင့်ဖြစ်စေ၊ ဖက်စ်နံပါတ် 855-261-3452** သို့ဖြစ်စေ ပေးပို့နိုင်ပါသည်။
စာရွက်စာတမ်းများကို အောက်ပါ လိပ်စာသို့လည်း ပေးပို့နိုင်ပါသည်-

COVID-19 Funeral Assistance
P.O. Box 10001
Hyattsville, MD 20782

**မေးလေ့ရှိသော မေးခွန်းများ**

**အွန်လိုင်းတွင်** FEMA.gov/funeral-assistance/faq သို့လည်း သွားရောက်ကြည့်ရှုနိုင်ပါသည်။ အချက်အလက်များကို ဖုန်းဖြင့်ရော၊ ဝက်ဘ်ဆိုဒ်တွင်ပါ ဘာသာစကားများစွာဖြင့် ပံ့ပိုးပေးပါသည်။

FEMA